
ထီးပေါင်းကား စာအုပ်
ဝင်းဝင်းမြင့်
( နန်းတော်ရှေ့ )
စိတ်ဖြေဆေး ဝတ္ထုတိုများ

# ကုန်ကြမ်း

စနိုးကို သူတို့အားလုံးက ချစ်ကြပါတယ်။ ဒါပေမဲ့ မယုံကြဘူး။ သူတို့တွေလို လည်လည် ဝယ်ဝယ် တွေးတတ်၊ ခေါ်တတ်၊ ပြောတတ်တယ်လို့ မထင်ကြဘူး၊ မယုံကြည်ကြဘူး၊ ဒါပေမဲ့ စနိုး ကတော့ အားလုံးကို သိနေပါတယ်။ မပြောဖြစ်တာ၊ မပြောချင်တာ ပြောလို့ မဖြစ်တာတွေ ရှိနေ တယ်ဆိုတာရော သူတို့ သတိထားမိပါရဲ့လား မသိ။

စနိုးဆိုတာ အူအူအအ ကောင်မလေးတစ်ယောက် မဟုတ်ပါဘူး ဆိုတဲ့အကြောင်း မပြော ဘဲ နေချင်တယ်၊ ဒါပေမဲ့လေ ပွင့်ဖတ်ကလေး တစ်ချပ်မှာ ပိုးစားရာကလေးပါနေမယ်ဆိုရင်တော့ စနိုးက အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖဲ့ခြွေပစ်ဖို့ ဝန်မလေးပါဘူး၊ အဲဒီ ပန်းတစ်ပွင့်က တော့ သိနေမှာပါ။

'စနိုးရေ . . .' ဆိုတဲ့အသံကို ကြားလိုက်တာနဲ့ နံရံပေါ်က နာရီဆီကို မျက်လုံးရောက် သွားတယ်၊ ကြည့် . . . ခုမှ ခြောက်နာရီခွဲပဲ ရှိသေးတာ။ သိပ်ဂီရိယကောင်တဲ့ တူးတူးပဲ။ အိမ်ရှေ့ ကို အပြေးအလွှားသွားပြီး တံခါးဖွင့်ပေးလိုက်တယ်။

" တူးတူး သေသေချာချာစောပြီး လာခဲ့တာနော်၊ အေးအေးဆေးဆေး ပြင်ဆင်၊ အချိန်ရပါ တယ် " လို့ တူးတူးက အလိုက်တသိ ပြောတယ်။ စနိုးက တူးတူးကို ဧည့်ခန်းမှာ ထားခဲ့ပြီး အပေါ် ထပ်ကို ပြေးတက်ခဲ့တယ်။ တူးတူးကို အားနာစရာမလိုဘဲ စိတ်တိုင်းကျ ပြင်ဆင်နိုင်ပေမယ့် ဆယ် မိနစ် ဆယ့်ငါးမိနစ်ထက် ပိုပြီး ကြာရင် လူကြီးတွေက အော်ကြတော့မယ်လေ။

“ ရှိုးလုပ်နေတာ မပြီးတော့ဘူး၊ ထွက်လာတော့လည်း ဒီအတိုင်းပဲ၊ စောင့်ရတဲ့လူ အားနာ စရာ” ဘာညာနဲ့ မပြီးနိုင်အောင် မြည်တမ်းတွေ ရှည်နေမှာစိုးလို့ ခပ်မြန်မြန်လေး အဝတ်လဲလိုက် တယ်။

“ ဟဲ့ မပြီးသေးဘူးလား ”

အပြေးအလွှား လဲချွတ်နေရတဲ့အထဲ မေမေက လောဆော်နေပြန်ပြီ

“ ပြီးပြီ မေမေ ပြီးပါပြီ ”

“ ကဲ . . . လာ၊ ဘာလေး ညာလေး ဝတ်ရအောင် ” မေမေ့လက်က ရွှေရောင် ယွန်းဘူး ကလေးကြောင့် စနိုး စိတ်ညစ်သွားတယ်။

“ ဟာ မေမေကလည်း၊ ဘာတွေမှ သိပ်ဝတ်သွားလို့ မဖြစ်ဘူးနော်၊ သမီးတို့က ဘတ်(စ်)နဲ့ သွားကြမှာ ”

“ သိပါတယ်အေ၊ နည်းနည်းတော့ ဝတ်ဦးမှပေါ့ ”

မေမေ့ကို ဆင်ခြေပေးလို့ ဘယ်တော့မှ မရပါဘူး။ ထုံးစံအတိုင်း လည်စင်းပေးလိုက်ရတာ ပါပဲ၊ မေမေက မျက်မှန်တဝင်းဝင်းရဲ့ ဟိုရွေးသည်ရွေး ရွေးနေတယ်။

“ မေ့ တော်ပြီ၊ သမီးရဲ့ ပန်းသွးဆွဲကြိုးလေးပဲ တော်ပါပြီ ”

မေမေက ကြိုးချင်းငြိနေတာတွေကို ရှင်းပြီး ကျောက်နီပန်းသီးလော့ကတ်လေးပါတဲ့ ဆွဲကြိုး ကလေးကို ရွေးထုတ်လိုက်တယ်၊ ဆွဲကြိုးက ချိတ်ကလေးကို လက်ညှိုးနဲ့ လက်မအားလုံးကို ဆွဲဟ နေတယ်။ မေမေ့မျက်နှာက ရှုံ့မဲ့လို့။

“ လက်ထိပ်တွေကို ကြိမ်းသွားတာပဲ၊ မာလိုက်တာနော် ”

“ မေ့ ပြီးသေးဘူးလား၊ ကြာလိုက်တာ ”

“ ပြီးပါပြီဟဲ့၊ ဒီအခါ လုပ်ပေးလိုက်တဲ့ ချိတ်ကလေးက ရွှေအဝင်များလို့လားမသိဘူး မာ လိုက်တာ ”

မေမေက ဆံကြိုးဆွဲပေးပြီးတော့ နှင်းဆီလက်ကောက် လုံးလုံးလေးတစ်ဘက်၊ အနီ လက်စွပ်၊ အဲဒါတွေထုတ်ပေး၊ အကျႌဆွဲဆန့်ခိုင်း။

‘လူက ပိန်ပိန်နဲ့ လည်ပင်းကျယ်ကျယ်ဝတ်တော့ လူမမာနဲ့တောင် ပိုတူသေး ’လို့ ချီးမွမ်းပြီး လိမ့်လိမ့် လိမ့်လိမ့်နဲ့ အောက်ထပ် ပြန်ဆင်းသွားတယ်။

စနိုးက ကိုယ်လုံးပေါ်မှန်ရှေ့မှာ တစ်ခေါက်လောက် လမ်းလျှောက်ကြည့်ပြီး ညကတည်းက အသင့်ပြင်ထားတဲ့ စလင်းဘက်နဲ့ ခလုတ်ထီးကို ယူလိုက်တယ်။ ဘာများ ကျန်ရစ်ဦးမလဲလို့ အိတ် ကို ဖွင့်ပြီး စစ်လိုက်သေးတယ်။

ပိုက်ဆံ၊ ရှူဆေး၊ ချိုချဉ်၊ လက်ကိုင်ပဝါ၊ ဆေးပုလင်း၊ အလှပြင်ပစ္စည်းတွေနဲ့ မှတ်စုစာအုပ် ငယ်၊ ဘော(လ်)ပင် အကုန်ပါပြီ။

“ စနိုးရေ ဒီနေ့ ဆင်းခဲ့ဦးမှာလားဟေ့ ”

ဟော မေမေ အငေါ်ထူးပြီ၊ ပစ္စည်းတွေကိုယူပြီး မြန်မြန်လေး ပြေးဆင်းလာခဲ့တယ်။ အောက်ထပ်ရောက်တော့ မေမေက စနိုးကို ကြည့်ပြီး . . .

“ လုံချည်လေးကို ရှည်ရှည်ဝတ်၊ သိပ်မိုးချုပ်အောင် မနေနဲ့နော် ” စသည်ဖြင့် မှာတမ်းတွေ ခြွေပြီး စနိုးက နည်းနည်း ရှည်ဆွဲပေးပါဦးလို့ ပြောတာနဲ့ ဆံကြိုးချိတ်ကို ပြန်ဖြုအနေအထား မေးပြီး ပြန်ချိတ်ပေး။

“ ချိတ်ကလည်း မာလိုက်တာ တူးတူးရယ်၊ ခုနက အန်တီဆွဲပေးတဲ့ အနေလေးက လည်ပင်းကပ်နေတာ လှရဲ့သားနဲ့ ရှည်မှ ကြိုက်ပြန်သတဲ့ ”

“ ဟုတ်သားပဲ စနိုးကလည်း လည်ပင်းကပ်လေးနဲ့ ပိုလှမှာ ”

“ တော်ပြီ၊ ရှည်ရှည် ကြိုက်လိုပ ”

“ ကဲ ကဲ ပြီးပြီ၊ သေသေချာချာ ခိုင်အောင် လုပ်ပေးလိုက်တာ လမ်းကျမှ ရှည်ကဲပြီး ပြင် မနေနဲ့နော်၊ သွားကြ- သွားကြ ခုနစ်နာရီ ”

အိမ်ခြံဝင်းရဲ့အပြင်ကို ရောက်တာနဲ့ ရင်ပတ်ပေါ်မှာ တဝဲဝဲလှုပ်နေတဲ့ ဆွဲကြိုးကလေးကို အကျႌထဲ ထည့်ပစ်လိုက်တယ်။ တူးတူးက စနိုးကိုကြည့်ပြီး ရယ်နေတယ်။

“ ရယ်မနေနဲ့ တကယ်ပဲ စနိုးစိတ်ကျဉ်းကျပ်ယ် သိလား တူးတူး၊ ဘယ်ဘဂက ရေစက် လည်း မသိဘူး၊ ဟောဒိလက်ဝတ်ရတနာတွေကို စနိုး နည်းနည်းလေးမှ မေတ္တာထားလို့ မရဘူး။ ဘယ်လုပုဂ္ဂိုလ်ကများ တိုးလို့ တွဲလောင်းနဲ့ ဝတ်ဖို့၊ ကြွားဖို့ စိတ်ကူးရခဲ့သလဲမသိဘူး၊ မေမေ့ကြောင့် လို့သာ ဝတ်လာတာ စနိုးသဘောအတိုင်းဆိုရင် ရှင်းရှင်းလေးပဲနေမှာ”

စနိုးက တူးတူးကို ရင်ဖွင့်ရင်း ပြည်တော်သာအိမ်ရာတွေကို ဖြတ်ပြီး အရှေ့ကျုံးလမ်း အတိုင်း မန်းတောင်ခြေဘက်ကို တဖြည်းဖြည်း လျှောက်လာခဲ့ကြတယ်။

“ လူ့ဘဂကြီးဟာ ရယ်စရာလည်းကောင်းတယ်၊ စိတ်ညစ်စရာလည်း ကောင်းတယ် တူးတူးရဲ့၊ ရင်ထဲ အသည်းထဲမှာ တကယ်ကို ခါးခါးသီးသီး ငြင်းဆိုနေပေမယ့် အပြင်မှာတော့ ဟိုင်ငဲ့ သည်ငဲ့ အလွန်ဆန်နိုင်တာတွေ အများကြီး။ ကိုယ့်စိတ်တိုင်းကျ မဟုတ်ဘဲ အများနဲ့ မျောပါသွားရ တဲ့အခါမျိုးမှာ ကိုယ့်ကိုယ်ကို သိပ်ပြီး နှမြောမိတာပဲ ”

တူးတူးက စနိုးကို နားမလည်သလို လှည့်ကြည့်တယ်၊ စနိုးပြောတာတွေကို တူးတူးနား လည်မှာ မဟုတ်ပါဘူး။ ဆက်မပြောရင် ကောင်းမယ်

“ ဆွဲကြိုး ဆွဲရတာ ကို မကြိုက်တာလား ”

“ အင်း အကုန်လုံးပဲ ”

စနိုးက ရယ်ပြီး ပြန်ဖြေလိုက်တော့ ပိုရှုပ်သွားမှာပေ့ါ။ ဆွဲကြိုးဆွဲရာ မကြိုက်ဖူးလို့ ပြောရင် တော့ မှန်ပါတယ်။ ဒါပေမဲ့ ဆွဲကြိုးကလေးကိုတော့ စနိုးကြိုက်ပါတယ်။

ဒီဆွဲကြိုးကလေးကို စနိုးပိုင်ဆိုင်ခဲ့တာ မကြာသေးပါဘူး။ စနိုး ဆရာမ လုပ်သက် ငါးနှစ် ပြည့်တဲ့နေ့မှာ မေမေနဲ့ ဖေဖေက အမှတ်တရ လုပ်ပေးထားတာ။ စနိုးက ငွေကြေး၊ လခ အဲဒါတွေ ကို ကိုင်သုံးရမှာ သိပ်ပြီး စိတ်ညစ်တတ်တာ။ လခရတာ နဲ့ ‘ ရော့ မေမေ ’ဆိုပြီး ထိုးအပ်လိုက်တာပဲ။ မေမေက စုတန်တာစု၊ အိမ်စရိတ်ထဲထည့်တန်တာထည့်၊ စနိုးအတွက် လိုတာဝယ်ပေး။ မေမေတို့ ဒီလို ဝယ်ပေးစီစဉ်ပေးခဲ့လို့လည်း ဆရာမလုပ်သက် ငါးနှစ်ကျော်ခဲ့ပေမယ့် အသက်အရွယ်နဲ့မမျှ အောင် အပူပင်ကင်းကင်း နေခဲ့ရပါတယ်။ မေမေတို့ဆီက ပြန်ရတဲ့ မုန့်ဖိုးကိုတော့ စာအုပ်တွေ ဝယ် တယ်၊ စာအုပ်တွေ ငှားဖတ်တယ်။

လည်ပင်းနားမှာ ပြောင်လက်နေရုံလောက်ဆိုရင်တော့ ဒီဆွဲကြိုးကလေးဟာ စနိုးအတွက် မက်မောစရာ မကောင်းလှပါဘူး။ ဖြူစင်သန့်ရှင်းတဲ့ ချွေးနည်းစာကလေးနဲ့ စုဆောင်းပြီး လုပ်ထား တဲ့ ဒီဆွဲကြိုးကလေးကို အလှအပအတွက် မော်ကြွားဖို့အတွက်လည်း အဖြစ်မခံနိုင်ဘူး။ ဝါသနာက လှုပ်နှိုးတဲ့အခါ အနည်ထိုင် ငြိမ်သက်မနေနိုင်တော့တဲ့အတွက် ဆွဲကြိုးကလေးကို တွယ်တာနေမိ တာပဲလေ။

“ ဝါသနာနဲ့ ဆွဲကြိုး ဘယ်လိုဆက်စပ်မိသွားတာလဲ စနိုးရယ် ”

“ တစ်နေ့နေ့မှာ ကဗျာစာအုပ်တွေ၊ ဂတ္ထုတိုပေါင်းချုပ်တွေ ထုတ်ရမယ် တူးတူးရဲ့၊ ဒါ တို့ အတွက် အသက်ပဲ ”

တူးတူးက စနိုးကို သနားကြည့် ကြည့်တယ်။ စနိုးက တူးတူးကို နားလည်လိုက်ပါတယ်။

“ တို့က နှုတ်နဲ့ မပြောချင်ဘူး၊ လက်နဲ့ ပြောချင်တယ်၊ တိုးတိုး

မပြောချင်ဘူး ကျယ်ကျယ် ပြောချင်တယ်၊ တို့တစ်ယောက်တည်းရဲ့အသံထက် အများရဲ့အသံတွေကို စုစည်းပြီး အများကြား အောင် ပြောချင်တာ၊ ဝေဒနာတွေကို မည်ရည်ဖော်ထားတဲ့ စာလုံးကလေးတွေဟာ တို့ရဲ့ အဖိုး တန်ရတနာတွေပဲ တူးတူးရဲ့၊ မဂ္ဂဇင်းတွေမှာ ပါပြီးခဲ့တဲ့ တို့ရဲ့ ကဗျာတွေ ဂတ္တုတွေကို စုစည်းပြီး ထုတ်ရမယ် ”

စနိုးစကားတွေ အများကြီး ပြောမိပြီ။ တူးတူးရဲ့ မျက်ဝန်းကို ဖျတ်ခနဲ လှမ်းကြည့်မိတယ်။ စနိုးရဲ့ စိတ်ကို နားလည်ပါ့မလား။ တစ်ခါတစ်ခါ စနိုးရဲ့ ဝါသနာစိတ်၊ စာပေစိတ်တွေဟာ သိပ်ကို ပြင်းပြနေတတ်တယ်။ အားရပါးက ရင်ပွင့်မတတ် ပြောပြီးရင် စနိုးနောင်တရပြန်ရော။ လှောင်ပြုံး၊ သနားပြုံး၊ အားအာပြုံး ဘယ်လိုအပြုံးမျိုးနဲ့ ရင်ဆိုင်ရမှာလဲ။ စနိုး ဘာမှ သိပ်မပြောတာ အကောင်း ဆုံးဖြစ်မယ်။

“ စနိုးရယ် စာအုပ်ထုတ်ချင်တာများ အန်တီတို့ အန်ကယ်တို့ကို တစ်ချက်လောက် ချွဲလိုက် ပြီးရော ”

“ အို အလုပ်ပါနဲ့၊ စနိုးကြောင့် စနိုးရဲ့ အပြစ်မဲ့တဲ့ ကဗျာလေးတွေ၊ ဂတ္တုလေးတွေကို ငြူစူ မခံနိုင်ပါဘူး။ အရှုံးပေါ်နေရင် ခဏ ခဏ ပြောခံနေရမှာ၊ စနိုးက ကိုယ့်စာတွေကို သိပ်ပြီး သဝန်တို တာ၊ သူများပြောတာ မခံရအောင် ကိုယ်ရှုံးကိုယ်ခံလုပ်ဖို့ ကိုယ်ပိုင်ပစ္စည်းကလေးကို အရိပ်ကြည့် နေရတာ ပေါ့ ”

“ ခု စာအုပ်ထုတ်တော့မှာလား”

“ အခုတော့ မဟုတ်သေးပါဘူး၊ နှစ်နှစ်လောက်တော့ ကြိုးစားဦးမှာပါ၊ ဒါပေမဲ့ စနိုးက ခဏခဏ နေမကောင်းတော့ ကိုယ့်စာအုပ်ကလေးကိုယ် အမြန်ဆုံး လုပ်ဖြစ်ချင်တာပေ့ါ ”

တူးတူးက စနိုးရဲ့ မျက်နှာကို မကြည့်ဘဲ ဆွဲကြိုးကလေးကို ကြည့်နေတယ်။ သူ့မမ္ဘာဇရပ် တန်းအရှေ့ထိပ်ကို ရောက်တော့

ကျောက်တော်ကြီးဘုရားဂိတ်မှာ အမြန်ကားလေး လူရပ်တင်နေ တာ တွေ့ရတယ်။

“ စနိုးရေ ဒီနားကပဲ စောင့်ကြစို့၊ လျှောက်ရတာ မောသား ”

တူးတူးက သူ့လက်ကိုင်ပဝါကလေးနဲ့ စနိုးကုပ်ပေါ်က ချွေးတွေကို သုတ်ပေးနေတယ်။ စနိုး က အမောပြေအောင် လေကို များများရှူသွင်းလိုက်တယ်

“ ဒီကားက မြန်တယ်စနိုးရဲ့၊ နာရီဝက်အတွင်း ရောက်သွားမှာ ”

“ အေး မြန်မြန်ရောက်မှ ဖြစ်မှာ ခုလောက်ဆို သန္တာ မျှော်နေလောက်ပြီ ”

ရုပ်အကျ ႏဖားဖားကြီးနဲ့ ပြေးလွှားဧည့်ခံနေမယ့် သန္တာကို မြင်နေမိတယ်။ မြို့ရဲ့ အရှေ့ဘက် ထိပ်နဲ့ တောင်က်ထိပ်မှာ အနေဝေးနေကြတဲ့ အချစ်ဆုံးသူငယ်ချင်းရဲ့ မွေးနေ့ဆွမ်းကျွေးကို လာဖြစ် ဖို့ စနိုးအတွက် တော်တော်လေး ကြိုးစားခဲ့ရတယ်။ ခရီးဝေးဝေး စက်ဘီးမစီးနိုင်တဲ့ စနိုးကို တော်ရုံ တန်ရုံသူငယ်ချင်းတွေက စိတ်မရှည်ကြဘူး။ ခဏခဏ ခေါင်းမူးတတ်၊ မောနေတတ်တဲ့အတွက် ဖေဖေတို့ မေမေတို့ကလည်း သူတို့မပါရင် သိပ်မလွှတ်တတ်ဘူး။ ပတ်ဝန်းကျင်နဲ့ အမြဲပဲ အလှမ်း ဝေးနေတတ်တာကြောင့် စနိုးရဲ့အတွေးအခေါ် အပြောအဆိုတွေဟာ တစ်ခါတစ်ခါ မချောမွေ့ တတ်ဘူးလေ။ နောက်ပြီး ခရီးထွက်မယ်ဆိုလည်း ကောင်မလေးလို့ သူငယ်ချင်းတွေက သတ် မှတ်ထားကြတာလည်း အဆိုးမဆိုချင်ပါဘူး။ ဒါပေမဲ့ စနိုးရေးတဲ့စာတွေဟာ စနိုးနဲ့ မဆိုင်ဘူးလို့ ပြောလာတော့ ဂမ်းနည်းမိသလိုပဲလေ

ဦးလည်မော့မော့နဲ့ ပြေးနှင်လာတဲ့ ကားနီလေးကို တူးတူးက လက်ပြတားလိုက်တယ်။

“ တက် စနိုး အလျင်တက် ”

စနိုးကို တူးတူး တွန်းတင်ပေးလိုက်တယ်။ ကားနောက်လိုက်ကလေးက ခွေးခြေခုံ သေးသေးလေးတစ်လုံးကို ကားခေါင်မိုးပေါ်ကနေပြီး ချပေးလိုက်တယ်။

ပြွတ်သိပ်ပြီး ကြပ်ညှပ်နေ တဲ့ ကားလေးရဲ့ ဝမ်းဗိုက်ထဲမှာ ခုံတစ်လုံးစာနေရာကို ခက်ခက်ခဲခဲ ရှာရတယ်။ တူးတူးကတော့ နေရာမရလို့ ကားနောက်မြီးမှာပဲ ခိုတွယ်လိုက်ခဲ့ရတယ်။ ခရီးသွားနေကျ မဟုတ်တဲ့ စနိုးက နေရာ အတည်တကျရပြီဆိုတာနဲ့ ဘေးဘယ်ညာကို မျက်စိဝေ့ပြီး အကဲခတ်လိုက်တယ်။ တော်ပါသေးရဲ့။ အရပ်လေးမျက်နှာမှာ အမျိုးသမီးတွေချည်းပါပဲ။ စနိုးရဲ့ နောက်ကျောဘက် ကပ်လျက်မှာတော့ သပိတ်ကလေး ပိုက်ထားတဲ့ ကိုရင်ငယ်ငယ်လေး။

“ ကဲ ကားခလေးတွေ လှမ်းမယ် ”

ကားနောက်လိုက်ကလေးက ခေါင်မိုးပေါ်ကို ကုပ်ကပ်ခိုတွယ်ရင်း ကားခတောင်းနေသေး တယ်။ ကားနောက်မြီးမှာ ခိုတွယ်တဲ့လူတွေများလွန်းလို့ ကားလေးရဲ့ ရှေ့ဘီးတွေဟာ မြေကြီးနဲ့ လွတ်ပြီး မြောက်ကြွနေတော့တယ်။ ခရီးသည်အတော်များများဟာ မြို့လယ်ရပ်ကွက်တွေဆီကို အလုပ်သွားလုပ်မယ့် အလုပ်သမားတွေ များပါတယ်။ ကားကလေးဟာ မနိုင်ဝန်ကို သယ်ပိုးရင်း မြောက်ဘက်ကျုံးကို ဖြတ်ပြီး နန်းတွင်းကြီးထဲကို ဝင်ခဲ့တယ်။ မြင်ပြောဝန် ပန်းခြံဂိတ်ကို ငြိမ့်ခနဲ ထိုးဆိုက်လိုက်တော့ စနိုးနဲ့ အနီးဆုံးဘေးတန်းမှာ ထိုင်တဲ့ သီလရှင်ကြီးတစ်ပါး ဆင်းသွားတယ်။

“ စနိုး ဘေးခုံကို ပြောင်းလိုက်၊ ပိုပြီး ထိုင်လို့ ကောင်းတာပေါ့ ” လို့ တူးတူးက ပြောတာနဲ့ သီလရှင်ကြီးရဲ့နေရာကို စနိုးက ဝင်လိုက်ပြီး တူးတူးက စနိုးရဲ့ ခွေးခြေခုံလေးပေါ်မှာ နေရာရသွား တယ်။

စနိုးရဲ့ ဘယ်ဘက်ဘေးမှာ ထိုင်တဲ့ ချာတိတ်မလေးကတော့ ကြပ်ညပ်နေတဲ့ကြားကပဲ တွတ်ပီကာတွန်းကို သဲကြီးမဲကြီး ဖတ်နေတယ်။ စနိုးရဲ့ ညာဘက်ဘေးမှာထိုင်တဲ့ အစ်မကြီးက တော့ ပါးစပ်က ဘာတွေရွတ်နေမှန်းမသိ။ နံ့သာရောင် လက်ကိုင်အိတ်ကြီးကြီးထဲမှာ လက်တစ် ဘက် လျှိုထည့်ထားတယ်။ ဩော် . . . လက်သည်းနီနီရဲရဲ ဆိုးထားတဲ့ လက်ငါးချောင်းကြားမှာ တော့

အညိုရောင်စိပ်ပုတီးသေးသေးကလေး၊ နံနက်စောစော ဘုရားသွားတာထင်ရဲ့။ ဘုရား တရားကို အာရုံပြုနေပေမယ့် အရွယ်ကတော့ နုပျိုနေပါသေးတယ်။ အနက်ရောင် ဇာအကျႌလက် ပြတ်နဲ့ ထိုင်းဆစ် လုံချည်အနက်နဲ့ မျက်နှာကလည်း ဖွေးနေအောင် လိမ်းထားပြီး နှုတ်ခမ်းကိုလည်း ခပ်ရဲရဲ ဆိုးထားသေးတယ်၊ အစ်မကြီးသုံးတဲ့ ရေမွှေးကတော့ အနံ့ပြင်းလှတယ်။ ကားကလည်း ဘာဆီနဲ့ မောင်းမှန်းမသိပါဘူး။ ကားဆီနံ့နဲ့ ရေမွှေးနံ့ ပြင်းပြင်းကြီးက စနိုးက ဒုက္ခပေးနေပြီ၊ ရင်ထဲ မှာ နောက်ကျိပြီး ခေါင်းတွေလည်း မူးလာတယ်။ စနိုးက ပိုက်ဆံအိတ်ကို မြန်မြန်ဖွင့်၊ ချိုချဉ်ကလေး ငုံ၊ ရှူဆေးကလေးရှူနေရတယ်။ မတော်တဆ အန်လိုက်မိရင် ဒုက္ခ။ ဘေးကလူတွေလည်း အားနာ စရာ၊ စနိုးလည်း ရှိုးတွေ ပျက်ကုန်မှာပေါ့။ သိပ်ရှက်စရာကောင်းမှာပဲ။

စနိုးက လူကို ကျုံ့ထားပြီး ကာတွန်းဖတ်နေတဲ့ ချာတိတ်မလေးဘက်ကို ယိမ်းထားလိုက် တယ်။ တတ်နိုင်သမျှ ကိုယ်ကို ကျုံ့ထားပါတယ်ဆိုမှ ရေမွှေးစော်နံတဲ့ အစ်မကြီးက စနိုးဘက်ကို ပိုပြီးတောင် ဖိကပ်လာလိုက်သေးတယ်။ စနိုးကျုံ့ပေးလေ သူက တိုးကပ်လေပဲ။ စနိုးရဲ့ စိတ်ထဲမှာ ရေမွှေးစော်နံမှာကို ကြောက်နေရင်းက ထင့်ခနဲဖြစ်သွားမိတယ်။ အစ်မကြီးရဲ့ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်တယ်။ ရဲရဲနီအောင် ဆိုးထားတဲ့နှုတ်ခမ်း၊ မည်းမည်းမှောင်အောင် ဆွဲထားတဲ့ မျက်ခုံးမွေးတွေထက် ရောင်စုံချယ်ထားတဲ့ မျက်ဝန်းကို အလျှင်မြန်ဆုံးမြင်လိုက်ရတာ ။ အဲဒီ မျက် ဝန်းတွေဟာ။

စနိုးရင်တွေ ဒိတ်ဒိတ်ခုန်လာတယ်။ လက်ဖျားတွေလည်း အေးစက်လာတယ်။ အနက် ရောင်အစ်မကြီးရဲ့ လက်မောင်းသားအိကြီးဟာ စနိုးရဲ့ကိုယ်ပေါ်ကို ပိကျလာတယ်။ စနိုး စိတ်အား တင်းပြီး အသက်မှန်မှန် ရှူနေတယ်။ ကြောက်တတ်တဲ့စိတ်တွေကို အမြန်ဆုံး မောင်းထုတ်ပစ် တယ်။ စနိုးအထူးသတိပြု ဂရုစိုက်နေလိုက်တယ်။ လှပ်ခနဲ ရင်တုန်သွားတယ်။ ချက်ချင်း ဘာလုပ် ရမလဲ၊ ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ။ မပြေးအလွှား စဉ်းစားတယ်။

စနိုးရဲ့ လက်ဖျားအေးအေးနဲ့ လည်ပင်းဖျားအပါအဝင် ရင်ဘတ်တစ်ခုလုံးကို တင်းတင်းကျပ်ကျပ်ကလေး ဖိထားလိုက်တယ်။ စိတ်အိုက်ပြီး ချွေးတွေ ပြန်လာတယ်။

ဘာဆက်လုပ်ရမလဲ၊ ဘာဆက်လုပ်ရမလဲ။ စနိုးရဲ့ လက်ထဲမှာ ဆွဲကြိုးကလေး အိကျ လာတယ်။ လက်ကို ရင်ဘတ်ပေါ်က ခွာလို့ မဖြစ်တော့ဘူး။ အော်လိုက်ရမလား၊ မဖြစ်ဘူး။ အော် လိုက်လို့ ဘယ်ဖြစ်မှာလဲ။

သိပ်အတင့်ရဲတဲ့ အမည်းမကြီးပါလား။ ဟန်ဆောင်ကောင်းကောင်းနဲ့ မတရားစီးပွားရှာတဲ့ မိန်းမကြီး။ သူ့ကို စနိုး တစ်ခုခုတော့ တုံ့ပြန်လိုက်ချင်တယ်။ ဘယ်လိုတုံ့ပြန်လိုက်ရင် ကောင်းမလဲ။ စနိုးက သူကရော စနိုးကို နောက်ထပ် ဘယ်လိုပညာစွမ်း ပြလာဦးမလဲ။ စနိုးက လက်ကို မလွတ် တမ်း ဖိကပ်ထားပြီး ခေါင်းကို တစ်ချက် ခါဆတ်လိုက်တယ်။ မျက်နှာထားတင်းတင်းနဲ့ 'ထိုင်ရတာ သိပ်ကျပ်တာပဲ ' လို့ အသံထွက် ရေရွတ်လိုက်တယ်။ အမည်းမကြီးရဲ့လက်က ဟနိုးရဲ့ ပခုံးပေါ်က ချက်ချင်းပဲ ပြေကျသွားတယ်။

စနိုး သူ့ကို အောင်အောင်မြင်မြင် ဟန့်တားနိုင်လိုက်ပြီ။ သူလိုချင်တာ ရမသွားရင် သူ့ကို တုံ့ပြန်နိုင်လိုက်တာပဲ မဟုတ်လား။ စနိုးက ဆူဆူညံညံ မကြိုက်ဘူး။ ဆွဲကြိုးကလေးကိုတော့ မလွတ်တမ်း ဖိထားတယ်။

ဈေးချို နာရီစင်ရောက်တော့ ကားကလေးက ငြိမ့်ခနဲ ထိုးရပ်သွားတယ်။ ပထမဆုံး တိုးဝှေ့ ဆင်းသွားတာ အမည်းမကြီးပါပဲ။ တူးတူးက စနိုးဘေးကို ပြောင်းထိုင်လိုက်တယ်။ ကားလေးက လူပြည့်တော့ ထွက်ဖို့ ဘီးစလှိမ့်တုန်း။

“ ဟယ် စနိုး ဆွဲကြိုးလေးရော ”

တူးတူးရဲ့ စူးရှတဲ့အသံကြောင့် ကားပေါ်ကလူတွေ စနိုးတို့ကို စိတ်ဝင်တစား ဝိုင်းအုံကြည့် ကြတော့တယ်။

“ ရှိတယ် ရှိတယ်၊ ကြိုးပြတ်သွားတာ ထင်တယ် ”လို့ ထစ်ထစ်ငေါ့ငေါ့

ပြောရင်း အကျႌကြား ထဲက ဆွဲကြိုးလေးကို ဆွဲထုတ်လိုက်တယ်။ စနိုးလက်ထဲမှာ အပြတ်အတောက်မရှိ ပါလာတဲ့ ကြိုးကလေး။ အနီရောင်လော့ကတ်နဲ့ ကြိုးကလေး။ ချိတ်တော့ ပါမလာတော့ဘူးလေ။

“ ပြတ်တာ မဟုတ်ဘူး စနိုးရဲ့ ချိတ်ပြုတ်တာ၊ ကြံကြံဖန်ဖန်ဟယ်၊ မနက်ကမှ အန်တီ သေသေချာချာ တပ်ပေးလိုက်တာ၊ ကျောထဲများ ပြုတ်ကျသွားသလား ”

တူးတူးက ပြောပြောဆိုဆို စနိုးရဲ့ အကျႌကျောထဲကို လက်နှိုက်ပြီး စမ်းနေတော့တယ်။

“ ရပါတယ်၊ တူးတူးရဲ့ ရတယ်။ တွေ့မှာပါ နောက်မှရှာမယ် ” လို့ ပြောရင်း ဆွဲကြိုးကလေး ကို ပိုက်ဆံအိတ်ထဲ ထည့်လိုက်တယ်။ စနိုး သိပ်ရှက်နေမိတယ်။

“ ဟဲ့ ကလေးမရဲ့ ရှာမှပေါ့၊ ချိတ်ကလေးပေမယ့် ကာလပေါက်စျေးနဲ့ဆိုတောင် ထောင် ကျော်လောက်တော့ တန်မှာပေါ့။ ကားရပ်ခိုင်းပါလား၊ ကားထဲကျချင် ကျမှာ ”

“ ချိတ်ကတော့ အလိုလိုမပြုတ်ပါဘူး။ ခုနက ဘေးမှာထိုင်တဲ့ မိန်းမကြီးပဲနေမှာ မသိလိုက် ဘူးလား သိရင် အော်လိုက်ရမှာ ”

“ အေးလေ ဒါမျိုးများ ဝိုင်းပြီး ဆုံးမပစ်ဖို့ ကောင်းတယ် ”

စာနာစိတ်နဲ့ပြောတဲ့ စေတနာသံတွေကြားမှာ စနိုးကတော့ ဘာမျှ ပြန်မပြောနိုင်လောက် အောင် ဆွံ့အနေမိတယ်။ ဘာမှလည်း မပြောချင်တော့ဘူး။ စနိုးတို့ ဆင်းရမယ့်ဂိတ်ကိုရောက် တော့ အမြန်ဆုံးအလျင်နဲ့ ခုန်ဆင်းလိုက်တယ်။ တူးတူးက လျင်မြန်လှတဲ့ အဖြစ်အပျက်ကို အံ့သြ လို့မဆုံး။ ချိတ်ကလေးကို နှမြောလို့မဆုံး။

သန္တာ မွေးနေ့ပွဲမှာတော့ စနိုးရဲ့ ဆွဲကြိုးသတင်းကလေးက နောက်ဆုံးပေါ် သတင်းအဖြစ် သူငယ်ချင်းတွေရဲ့ ပါးစပ်ဖျားမှာ အသည်းတယားယား ပြောစရာဖြစ်နေတော့တယ်။

အောက်ထပ်မှာ ဒန်ပေါက်စားပြီး အပေါ်ထပ်က အချိုပွဲဆီကို သွားဖို့ ရပ်လိုက်တော့ မမျှော် လင့်ဘဲ ရွှေချိတ်ကလေး ထွက်ကျလာတယ်။

သန္တာကတော့ ထုံးစံအတိုင်း စနိုးကို အားမလိုအားမရ ကြည့်ပြီး “ အံ့သြတယ်၊ ကိုယ့်နား ဒါလောက်ကပ်နေတာ ပြောလွှတ်လိုက်ပါလား၊ ဟိုဘက် တိုးပေးပါလို့ ဖြုတ်နေတာသိရင်လည်း အော်ထည့်ပစ်လိုက်ပါလား ”လို့ သတ္တိခဲပီပီ အစွမ်းတွေပြစေချင်နေတယ်။

တကယ်လို့ စနိုးက အော်လိုက်တယ်ပဲ ထားပါတော့ အဲဒီ အမည်းမကြီးကို လူတွေက ဝိုင်းပြီး ဖမ်းချုပ်၊ ရိုက်နှက်၊ အချုပ်ခန်းပို့၊ စနိုးဆက်ပြီး မစဉ်းစားချင်တော့ဘူး။ ဒါမျိုးတွေကို မြင်လည်း မမြင်ချင်၊ တွေ့လည်း မတွေ့ချင်ပါဘူး။ သူ့လုပ်ငန်း မအောင်မြင်ဖို့အတွက် စနိုး ဟန့်တားနိုင်ခဲ့ပြီပဲ။ သူတစ်ပါးကို ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှာ အောင်မြင်မှုဆိုတာ မရှိနိုင်ပါဘူး။ အနိုင်ရတယ်ထား။ အဲဒီ အနိုင်ဟာ အောင်မြင်မှု မဟုတ်ပါဘူး စနိုးကို ဒုက္ခပေးပေမယ့် စနိုးရှေ့မှာ သူဒုက္ခရောက်တာ စနိုး မကြည့်ရဲဘူး။

မကောင်းမှုကို လုပ်ရဲတဲ့လူ၊ လုပ်ရက်တဲ့လူဟာ တစ်ယောက်တည်း ငြိမ်းငြိမ်းအေးအေး ထိုင်ပြီး ကိုယ့်အကြောင်းကိုယ် တွေးရဲမှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ပြန်ရှက်ရတဲ့ဒုက္ခလောက် ကြီးတာ ဘာရှိဦးမှာလဲ။ ကိုယ့်အကြောင်းကို ငြိမ်ငြိမ်ကလေး တွေးနိုင်ခွင့်မရှိတဲ့သူဟာ သူ့အနာ ဂတ်ကို သူဒဏ်ခတ်နေတာပဲ။

အဲဒီ လူဟာ ပန်းတစ်ပွင့်ဖြစ်မယ်ဆိုရင်တောင် ပွင့်ချပ်မှာ အနာမကင်းနိုင်ပါဘူး။ စနိုး အဲဒီ ပွင့်ချပ်ကလေးတစ်ဖတ်ကို

ဟန့်ထားဖွဲ့ခြွေနိုင်ခဲ့တယ်လေ။အဲဒါ သူတို့က မယုံကြဘူးတဲ့။

“ စနိုးရာ ဘာမှ ပြောမနေပါနဲ့၊ အလစ်သမားဆိုတာ လူကြည့်ပြီးမှ လုပ်တာပါ၊ မဟုတ်ဘူး လားနော် ဟေ့ သန္တာ ”

“ စနိုးအတွက် ကုန်ကြမ်းရသွားပြီပေါ့ ” တဲ့။

စနိုး စိတ်ဆိုးသွားပြီထင်လို့ စာကိစ္စနဲ့ ပြန်ချော့တာ။ ဟုတ်ပါရဲ့။ ဒါတွေဟာ စနိုးအတွက် ကုန်ကြမ်းပေါ့။ စနိုးရဲ့ ကုန်ကြမ်းထဲမှာ သန္တာနဲ့ သန္တာရဲ့ကောင်လေးလည်း ပါသွားမှာပဲ။ အဲဒီ စာကို ဖတ်မိရင်သာ စနိုးကို စိတ်မဆိုးကြဖို့ အရေးကြီးတယ်နော်။

**ရွှေဝတ်ရည်မဂ္ဂဇင်း၊ အမှတ်(၈)**

***

## ကြိုးစိမ်းကလေး

**(၁)**

ကောင်လေးကတော့ ဘာမှ သိမှာမဟုတ်။

**(၂)**

ကောင်မလေး၏ ခြေထောက် မြေကြီးနှင့် ထိတာနဲ့ လေးလေးက မျက်မှောင်ကုတ်ကာ-

“ သိပ်မကြာနဲ့နော် ” ဟု သတိပေးသည်။

ဘာရမလဲ။ ကောင်မလေးပဲ။ ကားတံခါးကို ဆောင့်ပိတ်လျက် “ တစ်နာရီ တစ်ဆယ်မက ဘူး၊ တစ်ရာကျကျ ပေးမယ် ”ဟု အသံမာမာနှင့် အငေါ်တူးပစ်လိုက်၏ ။

“ ဟဲ့၊ ပိုက်ဆံအရေးမကြီးဘူး၊ ရထား မမီမှာစိုးလို့ ”

လေးလေးက လေသံပျော့သွားသည်။ ထားပါတော့။ ကောင်မလေးက ဒီအချိန်မှာ ဘယ်သူ့ ကိုမျှ အချိန်ကုန်ခံပြီး ရန်လိုမနေချင်ပေ။ လက်ထဲမှာ ကိုင်ထားသော လိပ်စာကလေး၏ အညွှန်း အတိုင်း တမျှော်တခေါ်ကြီး မြင့်မားလှသည့်တိုက်တန်းကြီး၏ ရှေ့သို့ ခပ်သုတ်သုတ် လျှောက်သွား သည်။

ရှစ်ထပ်ရှိသော တိုက်မြင့်မြင့်ကြီး၏ အပေါ်ဆုံးထပ်မှာ ကောင်လေးနေသည်။ ကောင်လေး ကို တွေ့ချင်၍ ကောင်မလေး လာခဲ့ဒ။ ဒါပေမဲ့ ကောင်လေးတစ်ယောက်တည်း ရှိနေသောအခန်း သို့ ကောင်မလေးတစ်ယောက်တည်းသွား၍ တွေ့ရန်မဟုတ်။ ကောင်းလေး၏

ကိုယ်ကျင့်တရားကို အကြွင်းမဲ့ ယုံကြည်သော်လည်း ဒါမျိုးအလုပ်ကိုတော့ ကောင်မလေးက ဘယ်တော့မှ လုပ်မည် မဟုတ်ပေ။ ဒါပေမဲ့ ကောင်လေးနှင့်တော့ အရေးတကြီး တွေ့လိုလှ၏ ။

***

ကောင်လေးနှင့် မတွေ့ရတာ နှစ်တွေအတော်ကြာခဲ့ပြီ။ ကျောင်းပြီးကတည်းက ဆိုပါတော့။ တစ်ယောက်နှင့်တစ်ယောက် စာအဆက်အသွယ် မပြတ်ကြသော်လည်း လူချင်းက တွေ့ကို မတွေ့ဖြစ်ခဲ့ကြသည့်အတွက် ကောင်လေးနှင့် စက္ကန့်ပိုင်းကလေးသာ ဆုံရမည့်အခွင့်အရေးကို ကောင်မလေးက လက်လွှတ်မခံနိုင် ဖြစ်နေသည်။ ပြီးတော့ ကောင်လေးကို အရေးတကြီး ပြော စရာစကားတစ်ခွန်း ရှိသည်။ ‘ ရင်တွင်းသူငယ်ချင်း ’ တစ်ယောက် ဖြစ်နေပြီးတော့မှ ပြောသင့်တဲ့ စကားကို မပြောဖြစ်ခဲ့လျှင် ဂတ်ာရားမကျေခဲ့သည့်အတွက် တစ်နေ့နေ့မှာ စိတ်မကောင်းဖြစ်ရလျှင် ဘယ်လိုလုပ်ပြီး ဖြေနိုင်မလဲ။

ကောင်လေးနှင့် ကောင်မလေးတို့သည် တက္ကသိုလ်တုန်းက တစ်မေဂျာတည်း၊ လက်တွေ့ တစ်အုပ်စုတည်း။ စားအတူ၊ သွားအတူ သူငယ်ချင်းများ ဖြစ်ခဲ့ကြ၏ ။ သူငယ်ချင်းတောင်မှ ရိုးရိုး သူငယ်ချင်းမဟုတ် ‘ရင်တွင်းသူငယ်ချင်း’ တဲ့။ ကောင်မလေး၏ အခန်းဖော် ကဗျာရေးသည့် ဖြူစင် က ထိုသို့ ဝိသေသပြုခဲ့၏ ။ ကျောင်းတုန်းက တွဲခဲ့သော သူငယ်ချင်း (၇)ယောက်မှာ ကောင်မလေး ရယ်၊ ဖြူစင်ရယ်၊ ကောင်မလေးတို့အဖွဲ့မှာ အရာရာကို ဦးဆောင်ဦးရွက်ပြုခဲ့သည့် ကိုကိုကြီးရယ် သာ တစ်မြို့တည်းမှာ အတူနေခွင့်ရပြီး ကျန်သူငယ်ချင်းများကတော့ အိမ်ထောင်ကျသူတွေကျ၊ နိုင်ငံခြားထွက်သူထွက်၊ တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်ကြလေသည်။ ကောင်လေးကတော့ ရန်ကုန် မှာပေ့ါလေ။

အတိတ်တုန်းက အကြောင်းအရာများမှာ ကောင်မလေးအတွက် ရင်ဖိုစရာ ဘာတစ်ခုမှ မရှိခဲ့ပါ။ ပျော်ရွှင်ကြည်နူးစရာတွေ၊ ရယ်မောကျေနပ်ရတာတွေ၊ အေးချမ်းလုံခြုံမှုများနဲ့ နွေးနွေး ထွေးထွေး နှစ်သိမ့်စရာတွေကြောင့် တစ်ခါတစ်ခါမှာ လွမ်းမိသား၊ ဗွီဒီယိုလည်း မဟုတ်၊ ရုပ်ရှင်ဇာတ်လမ်းလည်းမဟုတ်၊ ဝတ္ထုထဲမှာလည်း မဟုတ်သောကြောင့် သူငယ်ချင်းတွေဝိုင်းစနေသည့် အတွဲကလေးတစ်တွဲက နှစ်ကာလရှည်ကြာသည့်တိုင် ဒီအတိုင်းဒီအတိုင်းပဲ မပြောင်းမလဲ ရိုးသား ဖြူစင်စွာ ရှိနေခဲ့တာ။

ကောင်မလေးက ကိုယ့်အသည်းနှလုံးကို ခိုင်ခိုင်မာမာ ယုံကြည်ခဲ့တာလေ။ နောက်ပြီး ကောင်လေးကလည်း သူ့ကိုယ်ကျင့်တရားသူ ပိုင်ပိုင်နိုင်နိုင် ရှိခဲ့သူပဲ။ ဒီနှစ်ယောက်ဟာ ဘယ်သူ တွေ ဘာပဲပြောပြော ဘယ်လိုမှ ပြောင်းလဲလာမှာ မဟုတ်။ ဒီအချစ်မျိုး ဒီမေတ္တာမျိုးကို ဘယ်သူ တွေ့ဖူးသလဲ။ ဘယ်သူချစ်ခင်တွယ်တာဖူးသလဲ၊ ‘ဒါဟာ ဖြူစင်တဲ့အသည်းနှလုံးရှိသူချင်းမှ ခံစားဖူးတဲ့အရသာ ’ဟု ကောင်မလေးက အမြဲပြောဖြစ်ခဲ့၏ ။ ဒါကို သူငယ်ချင်းတွေက မယုံကြည်နိုင်ခဲ့ ကြပေ။ အံ့လည်းအံ့ဩခဲ့ကြသည်။ ထိုအံ့ဩသူများကိုပင် ကောင်မလေးနှင့် ကောင်လေးက ပြန်၍ အံ့ဖွင်းခဲ့ရတာ ရယ်စရာကြီး။

“ ဟိတ်- ကောင်လေး။ ဘာမှ အမျိုးမတော်တဲ့ မိန်းမနှင့် ယောကျာ်းနှစ်ယောက်က ‘ညီစော်မနံတဲ့ မေတ္တာမျိုး’ နဲ့ ချစ်လို့မရတော့ဘူးတဲ့လား၊ နော့်ကွာ အဲဒါမှ ပိုပြီး အံ့ဩစရာကောင်း တာ ” ဟု ပြောဖြစ်ခဲ့သည်။

‘ လောကကြီးရေ ကြည့်ကောင်းနေလို့လားဗျို့။ အဖြူအဖြောင့်ကိုမှ အမည်းအကောက်ပါ လို့ ပြောချင်ကြတဲ့လူတွေကို ဒဏ်မခတ်တော့ဘူးလား၊ လောကကြီးရေ ’ဟု ကောင်မလေးက တစ်ခါတလေ ထ၍ အော်ပြန်သည်။ အရာရာမှာ ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ် သော အရိုးစင်းဆုံးသော ကောင်မလေးက စိတ်ထဲမှာ ရှိသည်များကို ထိမ်ပုက်မထားဘဲ ပြောပစ် လေ့ရှိသည်။ ထိုအခါမျိုးမှာ ကောင်လေးက ‘လုပ်ချလိုက်ပြန်ပြီ ’ ဆိုသော

မျက်နှာထားနှင့် အနေ ခပ်ခက်ခက်ဖြစ်ကာ သူ၏ သန်စွမ်းလှသော ဆံပင်ဘုတ်သိုက်ကြီးထဲသို့ လက်ငါးချောင်းကို ထိုးသွင်း၍ ဖြည်းညင်းစွာ ခါရမ်းကာ -

“ ကျွန်တော်က ယောကျ်ားလေးပါ၊ ဘာမှ ကိစ္စမရှိဘူး၊ ကျွန်တော် အားနာတယ် ” ဟု တီး တိုးစွာ ပြောတော့ -

“ ဘာလဲ မင်းက စိတ်ထဲမှာ မရှင်းမလင်း ဖြစ်နေလို့လား ” ဟု ကောင်လေးမျက်လုံးကို တည့်တည့်ကြည့်၍ ကောင်မလေးက မေးပစ်လိုက်၏ ။ ထိုအချိန်မှာပင် ကောင်လေး၏ မျက်လုံးများ မှာ ရိုးသားမှု၊ စာနာနားလည်မှု အရိပ်များနှင့်သာ လင်းလက်နေခဲ့သည်။ တဏှာရာဂ တပ်မက်ခြင်း ကင်းသော မေတ္တာ၏ သဘောကို သက်ဝင်ယုံကြည်ခဲ့လျှင် ဒါတွေဟာ ဘာဆိုဘာမှ အထူးအဆန်း မဟုတ်ပါဘူးလေ။

ကောင်လေးကတော့ ကမ္ဘာ့သုတေသီကြီးများက ‘အချစ် ’ ကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ခဲ့ ကြကြောင်း ကောင်မလေးကို စာအုပ်တစ်အုပ်ဖြင့် သက်သေပြခဲ့သည်။

“ ကမ္ဘာလောကကြီးကို လူဦးရေ တိုးပွားအောင် မစားကောင်းတဲ့အသီးကို စားမိခဲ့ကြလို့ ‘ကိုအာဒမ်နဲ့ မဧဝ’ တို့ ချစ်သွားကြတဲ့ အချစ်မျိုးက ထောင့်ငါးရာအချစ် (Sexual Love)၊ မိဘ ညီအစ်ကိုမောင်နှမရင်းချာအချစ်က ငါးရာနှစ်ဆယ့်ရှစ် (Kinship Love)၊ တိုင်းပြည်လူမျိုးနဲ့ အမျိုး ဘာသာ သာသနာပေါ်မှာ စွန့်လွှတ်စွန့်စား အနစ်နာခံလိုတဲ့စိတ်နဲ့ ချစ်တဲ့အချစ်က (Indealistic Love)၊ သနားစရာတွေပေါ်မှာ စာနာကရုဏာနဲ့ ချစ်တဲ့အချစ်က (Sentimental Love) တဲ့။ ယောကျ်ား မိန်းမဖြစ်ဖြစ်၊ လိင်တူချင်းဖြစ်ဖြစ် စိတ်တူ၊ ကိုယ်တူ၊ ဝါသနာတူ၊ ရည်ရွယ်ချက်တူသူ အချင်းချင်း တစ်ယောက်ပေါ်မှာ တစ်ယောက် ကူညီ၊ အနစ်နာခံ၊ စာနာ နားလည်ပြီး မေတ္တာစိတ် သက်သက်နဲ့ ချစ်တဲ့အချစ်မျိုးက (Platonic Love) အဲဒီ အချစ်မျိုးမှာ မရိုးမသား

ဘာမှမပါ၊ လိင်ကိစ္စမပါ၊ တပ်မက်ယစ်မူးခြင်းမပါ၊ ဒါပေမဲ့ တစ်ယောက်ပေါ်မှာတစ်ယောက် အရိပ်တကြည့် ကြည့်ဖြင့် လိုအပ်သမျှ ဖြည့်ဆည်းရန် စောင့်ကြည့်နေတတ်သော မေတ္တာတရားကို အခြေခံသည့် သံယောဇဉ်အချစ်သာဖြစ်သည် ”တဲ့ Platonic . . . Platonic ဟု ကောင်လေးက အားရဝမ်းသာ ပြောခဲ့ဖူးသည်။

ကောင်မလေးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး ပီသစွာပင် ရေးဘဝက ရေစက်ကိုလည်း ယုံကြည်သူဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကောင်မလေးသည် ကောင်လေးနှင့် ရင်တွင်းသူငယ်ချင်း ဖြစ်ခဲ့ရတာ ၊ အချစ်ဖြူဟု (ကောင်မလေးက ကောင်လေးပြောပြသည့် Platonic Love ကို အချစ်ဖြူဟု ဘာသာပြန်ထားလိုက်သည်။ မှန်တာ မမှန်တာအပထား ကောင်မလေးက ရွှတ်ရှက် ဒွတ်ဒက်တွေ သိပ်မပြောချင်၍ သူကြိုက်သလို မြန်မာစကားနှင့် လှယ်ထားလိုက်သည်) ဖြင့် ချစ်ခင်မြတ်နိုးစွာ တစ်ယောက်ကိုတစ်ယောက် ကူညီခဲ့ကြတာတွေထက် ဂုဏ်ယူမိသေးသည်။

အသက်အရွယ်အလျောက် ကျောင်းပြီးလို့ ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ထူထောင်ပြီး လူကြီး တစ်ယောက်လို ဦးဆောင်လုပ်ကိုင်နေသောအကြောင်းကို ပို၍ ပို၍ သိလာရလေလေ ‘အချစ်ဖြူ’ ကို လူတိုင်းပေါ်မှာ ထား၍ မဖြစ်လေပါလားဟု နှုတ်ခမ်းတွန့်ချင်လာ၏ ။ မျက်မှောင် ကုတ်ချင်လာ၏ ။ လုပ်ငန်းကိစ္စနှင့်ဖြစ်စေ၊ တခြားကိစ္စတစ်ခုခုနှင့်ဖြစ်စေ တရင်းတနှီး ပြောဆိုဆက်ဆံဖြစ်တယ် ဆိုပါ စို့။ ခင်မင်မှုကို အခွင့်ကောင်းယူလိုသူများနှင့်လည်း ကြုံရဖူး၏ ။ ရှေ့တွင်မှာတော့ တကယ့် မောင် နှမရင်းပုံစံ။ ကွယ်ရာမှာ အသားယူ အကြွားပိုတတ်သူများကိုလည်း တွေ့ဖူး၏ ။ ဖြူစင်ပွင့်လင်းစွာ ပြောဆိုမှုများကို အထင်သေးလျက် လျှော့တွက်တတ်သူများကလည်း မနည်းမနော်။ ကိုကိုကြီးနှင့် ကောင်လေးတို့ကတော့ ကောင်မလေး၏ ရွှေမှတ်တမ်းဝင် ရှားပါးအမျိုးအစားများ ဖြစ်သည်။ ထုံးစံအတိုင်း ရှားပါးပစ္စည်းဆိုတော့ တန်ဖိုးဖြတ်လို့ ဘယ်ရနိုင်ပါ့မလဲ။

ကောင်မလေးသည် လူကို တန်ဖိုးဖြတ်ရာတွင် မေတ္တာ အတိမ်အနက်ကို တိုင်းတာဖြစ် သကဲ့သို့ လူတစ်ယောက် လုပ်နေသော လုပ်ရပ်ပေါ်မှာလည်း အကခြတ်ဝေဖန်လေ့ရှိသည်။ ငွေ တွေ၊ ဂုဏ်တွေ၊ ပါဝါအာဏာတွေ ဘယ်လောက်ပင် ရှိနေပါစေ။ သူ့မှာ လူနှင့်တူသော နှလုံးသား ရှိမနေလျှင် တရားမျှတသော စိတ်ဓာတ်ကင်းမဲ့နေလျှင် အထင်မကြီးတတ်ပါ။ အပြောနှင့်အလုပ် မညီသူများကိုလည်း မုန်းသည်။ ကိုယ်လုပ်မှအကောင်း၊ ကိုယ်ပြောမှအဟုတ်ထင် ဘဝင်မြင့်နေသူ များကိုတော့ အထူးရှောင်မိ၏ ။ လူဆိုတာ အမှားနှင့်မကင်းပေမယ့် မသိလို့ မှားလိုက်၊ မတော်တဆ မှားလိုက်၊ မှားချင်လို့မှားလိုက်၊ မမှားချင်ပေမယ့် မပြင်နိုင်ဘဲ မှားလိုက်။ အဲဒီ လို မှားလိုက် ပြင်လိုက် အမှားအတိုင်းထားလိုက် အဲဒီ လိုလူမျိုးကိုတော့ ရွံ၏ ။ ကောင်လေးကို မုန်းလည်းမမုန်းချင် ရှောင် လည်း မရှောင်ရက်၊ ရွံဖို့ဆိုတာ ဝေးရောပေ့ါ။ ထို့ကြောင့် ကောင်လေးနှင့် အမြန်ဆုံး တွေ့ချင် ခဲ့သည်။

ကောင်မလေးကသာ ရန်ကုန်ကို ခဏခဏ မရောက်ဖြစ်ပေမယ့် ကိုကိုကြီးကတော့ သူ့ အလုပ်နှင့် ရန်ကုန်ကို ခဏခဏ သွားရသည်။ ထိုအခါ ကောင်လေး၏ သတင်းများကို အဆက် မပြတ် ကြားနေရ၏ ။ တကယ်တော့ ကောင်လေးသည် ကောင်မလေးတို့ကဲ့သို့ ရိုးရိုးသိပ္ပံဘွဲ့ရသူ သာ ဖြစ်သည်။ ဒါပေမဲ့ ခုချိန်ခါမှာ သူက လျှပ်စစ်လုပ်ငန်းကြီးတစ်ခုကို ဖောက်ချ၍ လုပ်ကိုင်နေ သည့် သိပ္ပံပညာရှင်ကြီးတစ်ယောက် ဖြစ်နေလေပြီ။ ကောင်လေး၏ အလွန်ထက်မြက်ကောင်းမွန် သော ဦးနှောက်နှင့် လုပ်ရည်ကိုင်ရည်ကို တခြားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ဖက်စပ်၍ အလုပ်ရုံ ကြီးတစ်ခုကို တည်ဆောက်ထားခဲ့ပြီးပြီ။ ကောင်လေး၏ လုပ်ငန်းသတင်းတွေက စီးပွားရေးမဂ္ဂဇင်း တွေမှာ ဟိုးလေးတကျော်။

ဒီတစ်ခေါက် ကိုကိုကြီး ရန်ကုန်က ပြန်လာတော့ ကောင်လေး၏ သတင်းထူးကို သယ်လာ ခဲ့သည်။

“ ဟိုကောင် အရက်တွေ သိပ်သောက်နေတယ်၊ သူနှင့် အရက်က တည့်တာမဟုတ်ဘူး။ သောက်ပြီးရင် လူမမာလို ဖြစ်တာတောင် သောက်နေတာပဲ၊ အမြဲမဟုတ်ပေမယ့် အပေါင်းအသင်း စုံရင် လုံးဝ မဆင်ခြင်ဘူး ” တဲ့။

“ ကြည့်စမ်း ကောင်စုတ်၊ မိုက်မဲနေတာ ” ကောင်မလေးက ကောင်လေးပေါ်မှာ ဒေါသ တွေဆူဝေလျက် “ ဟင် ဒါလား၊ နိုင်ငံကြီးသား ဒီအတိုင်းသာ နေနေလို့ဖြင့်တော့ နိုင်ငံကြီးသားနှင့် ပေါင်းတဲ့အရက်သမားပဲ ဖြစ်လိမ့်မယ်၊ ကိုယ်က ‘ဦးနှောက်နဲ့လူ ’၊ သူတို့က ‘ ငွေနဲ့လူ ’။ ငွေမျက်စိ က အရာရာကို စီးပွားအမြင်နဲ့ ကြည့်ပေမယ့် ဦးနှောက်မျက်စိက လူ့တန်ဖိုးအမြင်နဲ့ပဲ ကြည့်ရမယ်။ ကောင်စုတ်၊ ယစ်မူးနေပြီ၊ သွားစမ်းပါ။ အလကား သူ့ကိုယ်သူများ ကမ္ဘာကျော်မယ့်လူတဲ့ ဟာသ …။”

ကောင်မလေးသည် ကောင်လေး၏ သတင်းကို ကြားပြီးနောက် “ အရာဝတ္ထု တော်တော် များများနှင့် ‘အလားဂျစ်’ ဖြစ်နေတယ် ”ဟု ခဏခဏ ညည်းညူမိသည်။ ဘာမှ စိတ်မဝင်စားတော့ လို့ ညဦးပိုင်း တီဗွီကြည့်ရတာ ကအစ အဆင်မပြေတော့ပေ။ အထူးသဖြင့် အရက်နှင့် စီးကရက် ကြော်ငြာများမှာပေါ့။ အရင်က မေတ္တာရှိရင်းစွဲခဲ့ဖူးသည့် မင်းသမီး၊ မင်းသားများကိုတောင်မှ မေတ္တာ သက်မဝင်နိုင်တော့ပေ။

ကောင်လေးကတော့ သူလုပ်ချင်တာကို တဇွတ်ထိုး လုပ်တတ်သူပီပီ “ ယောကျ်ားလေး အရက်သောက်တာပဲဗျာ၊ ဆန်းတာမှတ်လို့ ”ဟု အပြုံးအေးအေးနှင့် ပြောချင်လေမလား။ ဒါဆိုလျှင် တော့ ကောင်မလေး၏ ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားလျက် ထုံးစံအတိုင်း ပုံမှန် အသံထက် နှစ်ဆလောက်မြှင့်ကာ -

“ အံမာ အရက်သောက်လို့ မထူးဆန်းတာက သာမန်ယောကျ်ားဟဲ့။ မင်းရဲ့ဦးနှောက် သာမန်ဦးနှောက်မို့သာ၊ နင်ပဲ ခေတ်မီတိုးတက်ချင်တယ်ဆို ” “ အရက်သောက်တာကို တားနေ တဲ့ခင်ဗျား နောက်ကျကျန်ခဲ့တာ ” လို့များ ပြန်ပြီး

ဟားတိုက်ရယ်မောလေမှာလား။ အဲဒီ လို ပြန် ပြောဦးတော့ ကောင်မလေးမှာ ချေပစရာတွေ အဆင်သင့်။

ကောင်မလေးက ကောင်လေးအကြောင်းကို တွေးမိတိုင်း တစ်ယောက်တည်းချည်း ရန် ဖြစ်နေရတော့သည်။ ပြင်းပြသောစိတ်၏ ခွန်အားကြောင့်လားတော့မသိ။ ရန်ကုန်ကို မဖြစ်မနေ သွားရန် အိမ်က ကိစ္စတစ်ခု ပေါ်လာခဲ့သည်။ အသွားအပြန် သုံးရက်သာ အချိန်ရပေမယ့် ကောင် လေးနှင့်တွေ့ရန် ကိစ္စကိုလည်း အရေးတကြီး စာရင်းမှာ ထည့်ထားရ၏ ။ ဒါပေမဲ့ ပထမနေ့ ဖုန်း ဆက်တော့ အလုပ်ရုံမှာ ကောင်လေး ရှိမနေပါ။ နေမကောင်း၍ ခွင့်ယူထားကြောင်း သိရသည်။ ‘အင်း ဒီ့အရင်ညက တစ်ပွဲတော့ နွှဲလိုက်ပြန်ပြီနေမှာပေ့ါ ’ဟု သက်ပြင်းချ၏ ။ နောက်တစ်နေ့တော့ ကိုယ့်အလုပ်နှင့်ကိုယ် လုံးဝမအား။ ဘူတာဆင်းမည့်နေ့ကို ရောက်တော့မှ မဖြစ်မနေ အလုပ်ရုံသို့ လိုက်လာခဲ့ရသည်။ အလုပ်ရုံမှာ သူမရှိ။

ကောင်မလေးက နာမည်ပြောပြလိုက်တော့ ကောင်လေး၏ အလုပ်ရုံမှ အဖွဲ့သည် သိဟောင်းကျွမ်းဟောင်းများပမာ ရင်းနှီးဖော်ရွေစွာဖြင့် ကောင်လေးရှိရာအရပ်သို့ လမ်းညွှန်ကြ၏ ။ သူရှိနေမှာ သေချာသတဲ့။ ကောင်လေးနေသောအခန်းနှင့် အလွယ်တကူ ဆက်သွယ်ရန် ‘ကြိုးစိမ်း ကလေး ’ရှိတာကအစ အသေးစိတ် ပြောပြပေးကြသည်။ ကောင်မလေး ဝမ်းသာချင်၏ ။ ကြိုးစိမ်း ကလေးကို ဆွဲ၊ ကောင်လေးကို ခေါ်၊ ကားပေါ်ရောက်တော့မှ ပြောချင်တာတွေ တစ်ဝကြီးပြော၊ ကောင်လေးရေ- နားငြီးဖို့သာ ပြင်ပေတော့။

ကားနှင့် လိုက်ပို့ပေးသော လေးလေးကလည်း ထိုအစီအစဉ်ကို သဘောတူသည်။ ကောင် မလေးက မြို့တော်ကြီးသို့ အရောက်အပေါက် နည်းသူဆိုတော့ ဘာမှမသိ။ မြို့တော်အင်္ဂါနှင့် ညီအောင် ဘီးရပ်ခွန်တွေ ဘီးရွေ့ခွန်တွေကိစ္စကို လေးလေးက ရှင်းပြပေမယ့်လည်း နားဝမှသာ လျှံလျက် ကောင်လေးနှင့်တွေ့လျှင် ဘယ်ကစပြောရမလဲ။ ဒါသာ အရေးကြီးနေသည်။

ကိုယ်ရေး ကိုယ်တာကိစ္စများမှာ ဘယ်တုန်းကမှ ဝင်ပြီးမစွက်ဖက်ခဲ့ဖူး၍ လည်း ပြောရမှာ နောက်တွန့်နေ၏ ။ နောက်ဆုံး ကောင်လေး ဘယ်လိုမိန်းမမျိုးကိုပဲ ကြိုက်ကြိုက် ယူယူ၊ ကောင်လေးသဘော။ ဘာမှ ကန့်ကွက်မည်မဟုတ်၊ လွတ်လပ်စွာ သဘောကွဲလွဲခွင့်ကိုယ်စီနှင့် လက်တွဲခဲ့ကြသော 'ရင်တွင်း သူငယ်ချင်း' တွေမို့ ပြောကလည်း မပြောချင်၊ မပြောဘဲကလည်း နေလို့မဖြစ်။

ကောင်လေး၏ တိုက်ရှေ့ကိုရောက်တော့ လူသူလေးပါး ကင်းရှင်းနေသည်။ ပထမဦးစွာ အခန်းနံပါတ်ကို မှန်း၍ ရှာသည်။

ပြီးတော့ ကြိုးစိမ်းကလေးကို ရှာသည်။ 'ဟော ဟိုမှာ ကြိုးစိမ်းကလေးဆီသို့ ပြေးသွား သည်။ အပေါ်ဆုံးထပ်သို့ မော့ကြည့်ကာ ကောင်လေး၏ မျက်နှာကလေးကို မှန်း၍ မြင်ယောင် လျက် ကြိုးစိမ်းကလေးကို ဆွဲလိုက်သည်။ ခေါင်းလောင်းသံကိုတော့ မကြားမိ။ မြင့်လွန်း၍ မကြား ရတာ နေမှာဟု တွေးလျက် ပို၍ သေချာအောင် ခပ်ဆတ်ဆတ်၊ တင်းတင်းကလေး ဆောင့်၍ ထပ်ဆွဲလိုက်သည်။ ပြီး မော့ကြည့်လိုက်၏ ။

ဟောတော့၊ ဟို့ . . . ဟိုး အမြင့်ဆုံးနေရာမှ ကြိုးစိမ်းကလေးသည် တွန့်လိမ်ကောက်ကွေး လျက် လွန့်လူးကာ လျှောခနဲ ပုံကျလာခဲ့သည်။ ကောင်မလေး၏ လက်ထဲမှာ အစိမ်းရောင်ကြိုး အပုံလိုက်ကလေး ရောက်လာ၏ ။ ထိုစဉ် လေးလေးက ကားကို ကောင်မလေးထံသို့ ဦးလှည့်ကာ မောင်းခဲ့လေပြီ။'

" ဟိတ် . . . ရထားချိန်နီးပြီ၊ မြန်မြန်လာ " တဲ့။

ကောင်မလေးက စိတ်မကုန်နိုင်ဘဲ အပေါ်ထပ်သို့ မော့ကြည့်သေးပေမယ့် ဘာအရိပ်အ ရောင်ကိုမျှ မမြင်ရ။

ပထမတော့ ကြိုးစိမ်းကလေးကို ကြည့်၍ အံ့သြ၏ ။ ပြီး ကိုယ့်အဖြစ်ကို ရယ်ချင်သွားသည်။ နောက်ဆုံးတော့ ငိုချင်တာပေါ့။ ဒါပေမဲ့ ဘာမှ မလုပ်ဖြစ်ပါ။ လူကိုယ်တိုင် ဘယ်လိုလုပ်ပြီး ကား ပေါ်ရောက်လာမှန်းမသိ၊ ကြိုးစိမ်းကလေးလည်း

ဘယ်မှာ ကျန်ရစ်မှန်းမသိ။

လေးလေးကတော့ ရန်ကုန်မြို့ကြီးကို နှံ့အောင် လိုက်မပို့လိုက်ရတဲ့ တူမလေးကို အပြန် လမ်းမှာ ဟိုညွှန် ဒီညွှန်နှင့် စကားတွေ အများကြီး ပြောလာခဲ့သည်။ ကောင်မလေးကတော့ ဘာမျှ လည်း မကြား၊ မျက်စိကိုတောင် မှိတ်ထားလိုက်ရသေး။ မတော်တဆ လမ်းဘေးတစ်လျှောက်မှာ မားမားကြီးတွေရပ်ပြီး ကြော်ငြာနေသည့် မူးယစ်စေနိုင်သော ပိုစတာကြီးများကို မတော်တဆ မြင် သွားရင် ဘယ်နှယ့်လုပ်ပမလဲ။ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်လျှင် ဒုက္ခ။

***

ထိုအကြောင်းများကို ကောင်လေးကတော့ သိမည်မဟုတ်ပါ။

**ချယ်ရီမဂ္ဂဇင်း၊ ၁၉၉၆ မေ**

***